**PRODUCT-9**

# TWO-PACK SOWERD FLOOR T (2K Top Coat)

**ဂုဏ်သတ္တိများ**

SOWERD FLOOR T 2K (TOP COAT) သည် WATER BASE (ရေ) ကိုအခြေခံထားသော အပေါ်ဆေး အမျိုး အစားဖြစ်ပါသည်။ ဆေးဆန့်အား အထူးကောင်းမွန်သည်။ မျက်နှာပြင် ညီညာချောမွတ်သည်။ အပြင်မှသက်ရောက်သော ရေ နှင့် တိုက်စားမှုများကို ခုခံနိုင်ပါသည်။ မြင့်မားသော အပူချိန်များကို ခံနိုင်ရည်ရှိပါသည်။ ခြောက်သွေ့မှု မြန်ဆန်ပါသည်။ အနံ့အသက်ကင်းမဲ့မှုနှင့် လူကိုဘေးအန္တရာယ်ဖြစ် စေသော ဓါတုဗေဒ ပစ္စည်းများ ပါဝင်ခြင်းမရှိခြင်းကြောင့် ကျန်းမာရေးနှင့် အထူးဆီလျော်သည်။ ခရမ်းလွန်ရောင်ခြည် (UV) ဒဏ်ကိုခံနိုင်ရည်ရှိသည်။

**အသုံးပြုရန်အညွှန်း**

အသုံးမပြုမှီ သစ်သားမျက်နှာပြင်ကို သန့်ရှင်းခြောက်သွေ့အောင် ထားရပါမည်။ အမှုန် နှင့် ဆီချေးများ ကင်းစင်နေရပါမည်။ SOWERD SEALER သုတ်ပြီး (၁၆) နာရီ အကြာတွင် ကော်ပတ်နံပါတ် (320-400) ဖြင့် ကော်ပတ်တိုက်ပြီး သန့်ရှင်းမှုပြုလုပ်ပြီးနောက် 2K SOWERD FLOOR T WATER BASE (2K TOP COAT) အပေါ်ဆေး ကို ROLLER (OR) BRUSH ဖြင့် သုတ်နိုင်ပါသည်။

- ဆေးဖျော်စပ်ရန်အချိုး 2K SOWERD FLOOR T : HARDENER : WATER

  10 : 1 : ???

မှတ်ချက် ။ **။ စတင်၍ အသုံးပြုစဉ် အထက်ဖော်ပြပါ ရောစပ်မှု အချိုးအဆ အတိုင်း ဆေးသား နှင့် HARDENER (10 : 1 ) တွင် ရေလုံးဝ ရောနှော၍ အသုံးမပြုရပါ။ သို့သော် ဆေးသားသုံးနေစဉ် ဆေးသား အလွန်အခြောက်မြန်လာခြင်း နှင့် ဆေးသုတ်ရာတွင် အသုံးပြုလျှက်ရှိသော BRUSH နှင့် ROLLER များ စေးကပ်၍ အသုံးပြုရာတွင် ပေါ့ပါးမှု လျော့နည်းလာပါက ရေ(ရေသန့်) အားဆေးသား ထဲသို့ အသင့်အတင့် ရော၍ အသုံးပြုနိုင်ပါသည်။**

- အသုံးပြုနိုင်သောအကျယ်အဝန်းမှာ 80-100 g/m$^2$
- ပုံမှန်ခြောက်သွေ့ရန်ကြာချိန်မှာ ( ၁၆ မိနစ် မှ ၆၀ မိနစ် ) အတွင်းဖြစ်သည်။ SOWERD SEALER အသုံးပြုပြီးမှသာ 2K SOWERD FLOOR T WATER BASE (2K TOP COAT) (အပေါ်ဆေး) အားသုံးသင့်ပြီး ၊ အပေါ်ဆေး သုတ်ထား သောမျက်နှာပြင်အား (၁) ရက် နှင့် အထက် စောင့်ပြီးမှသာ စိတ်ကြိုက် အသုံးပြုနိုင်ပါသည်။(ခြောက်သွေ့ချိန်သည်ရာသီဥတု အမျိုးအစား ပေါ်တွင်လည်းမူတည် ပါသည်။)
- ဆေးဖျော်စပ်ပေးပြီးသားဆေးများကို (၂၄) နာရီ အတွင်းသုံးစွဲရပါမည်။

**သတိပြုရန်အချက်များ**

- ➢ ဆေးကို အသုံးမပြုမှီ ဆေးဘူးကို လှုပ်ခါရပါမည် ၊ မွှေတံဖြင့် နှံ့စပ်အောင်မွှေပြီးမှသာ အသုံးပြုရ ပါမည်။
- ➢ ဆေးဘူးကို မှောင်၍အေးသောနေရာတွင် သိမ်းဆည်းရပါမည်။ နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့ မှုမရှိအောင် ထားရပါမည်။
- ➢ အသုံးပြုပြီးသော ဆေးပုံးများကို သေချာစွာအလုံပိတ်ပြီးမှ သိမ်းဆည်းသင့်ပါသည်။ အဖုံးမလုံပါက လေ နှင့် အလွယ်တကူဓာတ်ပြုသွားပြီး ဆေးသားများပျက်စီးသွားနိုင်ပါသည်။
- ➢ BRUSH နှင့် ROLLER များကို အသုံးပြုပြီးပါက အမြန်ဆုံး ပြန်လည်သန့်ရှင်းဆေးကြောပေးရပါမည်။ ခြောက်သွေ့ သွားပါက အလွယ်တကူ မသန့်ရှင်းနိုင်သဖြင့် LACQUER THINNER သုံး၍ သန့်ရှင်း နိုင်ပါသည်။

**PRODUCTS AVAILABLE**

**G60** (Semi-Gloss), **G30** (Matt)